# ၁၉၅၅ခုနှစ် ၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ

## (၁၉၅၅ခုနှစ် ၊ အက်ဥပဒေအမှတ် ၅၃)

## (၁၉၅၅ ခုနှစ် ၊ အောက်တိုဘာလ ၁၄ ရက်)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤဥပဒေကို **၁၉၅၅ခုနှစ် ၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ** ဟု ခေါ်ရမည်။

အမည်

၂။ ။ ဤအက်ဥပဒေတွင် အကြောင်းအရာ နှင့်ဖြစ်စေ ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပာယ် နှင့်ဖြစ်စေ ၊ မဆန့်ကျင်လျှင် –

အဓိပ္ပာယ်ဖော်ပြချက်။

(က) **"အခွင့်ရအာဏာပိုင်"** ဆိုသည်မှာ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ထိုအမိန့်ကြော်ငြာစာတွင် သတ်မှတ်သည့်ဒေသအတွက် ဤအက်ဥပဒေအရ အာဏာပိုင်၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန်အာဏာ အပ်နှင်းထားသူကို ဆိုလိုသည်။

(ခ) **"အစိုးရအိမ်ဥပစာ"** ဆိုသည်မှာ ပြည်ထောင်စု အစိုးရအဖွဲ့ကဖြစ်စေ ၊ ပြည်ထောင်စု ဝန်ကြီးဌာန တစ်ခုခုကဖြစ်စေ ၊ အစိုးရဌာန ၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ကဖြစ်စေ ၊ စည်ပင်သာယာရေး ကော်မတီ တစ်ခုခုက ဖြစ်စေ ၊ စည်ပင်သာယာရေးအဖွဲ့ တစ်ခုခုကဖြစ်စေ ပိုင်သော၊ ငှားရမ်းယူထားသော သို့မဟုတ် ခေတ္တသိမ်းယူထားသော အိမ်ဥပစာ ကိုဆိုသည်။[1]

(ဂ) **"အိမ်ဥပစာ"** ဆိုသည်မှာ အဆောက်အဦကို သို့တည်းမဟုတ် အဆောက်အဦတစ်ခု၏ အစိတ်အပိုင်းကို ဆိုလိုသည့်ပြင် ထိုစကားရပ်တွင် အောက်ပါတို့လည်းပါဝင်သည်။

(၁) အဆောက်အဦ နှင့် သို့တည်းမဟုတ် အဆောက်အဦတစ်ခု၏ အစိတ်အပိုင်း နှင့် စပ်ဆိုင်လျက်ရှိသော ပန်းခြံ ၊ မြေရာနှင့် အိမ်ရံအဆောက်အဦများ။

[1] (က) ၁၉၅၆ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)(ပြင်ဆင်ချက်)အက်ဥပဒေ(၁၉၅၆ ခုနှစ် ၊ အက်ဥပဒေ အမှတ် ၃၆) (၁၉၅၆ ခုနှစ် ၊ အောက်တိုဘာ ၆ ရက်)
(ခ) ၁၉၅၇ ခုနှစ် ၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၅၇ ခုနှစ် ၊ အက်ဥပဒေ အမှတ် ၁၂) (၁၉၅၇ ခုနှစ် ၊ မတ်လ ၂၅ရက်)
(ဂ) ၁၉၆၁ ခုနှစ် ၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၆၁ ခုနှစ် ၊ အက်ဥပဒေ အမှတ် ၁၄) (၁၉၆၁ ခုနှစ် ၊ မတ်လ ၂၈ ရက်)
(ဃ) ၂၀၁၂ ခုနှစ် ၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) ဥပဒေ (၂၀၁၂ ခုနှစ် ၊ ဥပဒေ အမှတ် ၁၆) (၂၀၁၂ ခုနှစ် ၊ ဩဂုတ်လ ၃၁ ရက်) ဖြင့်အသီးသီး ပြင်ဆင်ခဲ့သည့်အတိုင်း ဖော်ပြထားပါသည်။

(၂) ပိုမိုအကျိုးခံစားနိုင်ရန် ထိုအဆောက်အဦတွင် သော်လည်းကောင်း၊ ထိုအဆောက်အဦတစ်ခု၏ အစိတ်အပိုင်းတွင် သော်လည်းကောင်း၊ တပ်ဆင်ထားသော အရာဝတ္ထုများ။

(ဃ) **"ပြဋ္ဌာန်းသည်"** ဆိုသည်မှာ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည်ကို ဆိုလိုသည်။

(၂ – က)။ ။ အစိုးရအိမ်ဥပစာ တစ်ခုခုတွင် နေထိုင်ခွင့်ရသူသည် –

ခွင့်ပြုချက် မရရှိဘဲ တစ်ဆင့်ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း စသည်တို့ကို မပြုလုပ်ရခြင်း။

(က) ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ သို့မဟုတ် အခွင့်ရအာဏာပိုင်၏ ခွင့်ပြုချက်မရဘဲ အဆိုပါအိမ်ဥပစာ တစ်ခုလုံးကိုသော်လည်းကောင်း ၊ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း၊ တစ်ဆင့် ငှားရမ်းခြင်း မပြုလုပ်ရ။ [2]

( ခ) အဘိုးစားနားဖြင့်ဖြစ်စေ၊ အဘိုးစားနားမပါဘဲဖြစ်စေ လွှဲပြောင်းခြင်း မပြုလုပ်ရ။

( ဂ) အခွင့်ရအာဏာပိုင်အား စာဖြင့်ကြိုတင် အကြောင်းကြားရန် ပျက်ကွက်လျက် အဆိုပါအိမ်ဥပစာမှ ထွက်ခွာသွားခြင်း မပြုလုပ်ရ။

(ဃ) အဆိုပါ အိမ်ဥပစာကို အခွင့်ရအာဏာပိုင်အား ပြန်လည်အပ်နှံရန် ပျက်ကွက်လျက် ထွက်ခွာသွားခြင်း မပြုလုပ်ရ။[3]

(င) အခွင့်အာဏာပိုင်၏ ခွင့်ပြုချက်မရယူဘဲ အိမ်ဥပစာ၏ မူလအသွင်သဏ္ဍာန်ကို ပြောင်းလဲပြင်ဆင်ခြင်း၊ မွမ်းမံပြုပြင်ခြင်း ၊ တိုးချဲ့ခြင်းမပြုရ။[4]

(စ) အိမ်ဥပစာတွင် တည်ဆဲဥပဒေအရ ပြစ်မှုမြောက်သော ပြုလုပ်မှုတစ်ရပ်ရပ်ကို မပြုလုပ်ရ။[5]

၃။ ။(၁) ဤအက်ဥပဒေ စတင်အာဏာမတည်မီ ဖြစ်စေ ၊ စတင်အာဏာတည်ပြီးသည့် နောက်

---

[2] (က) ၂၀၁၂ ခုနှစ် ၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) ဥပဒေ (၂၀၁၂ ခုနှစ် ၊ အက်ဥပဒေ အမှတ် ၁၆) (၂၀၁၂ ခုနှစ် ၊ သြဂုတ်လ ၃၁ ရက်) ဖြင့် အစားထိုး ပြင်ဆင်သည်။

[3] (က) ၁၉၆၅ ခုနှစ် ၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) ဥပဒေ (၁၉၆၅ ခုနှစ် ၊ အက်ဥပဒေ အမှတ် ၄) (၁၉၆၅ ခုနှစ် ၊ ဇူလိုင်လ ၁၂ ရက်)ဖြင့်ပြင်ဆင်ဖြည့်စွက်သည်။

[4] ၂၀၁၂ ခုနှစ် ၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) ဥပဒေ (၂၀၁၂ ခုနှစ် ၊ ဥပဒေ အမှတ် ၁၆) (၂၀၁၂ ခုနှစ် ၊ သြဂုတ်လ ၃၁ ရက်) ဖြင့်ပြင်ဆင်ဖြည့်စွက်သည်။

[5] ၂၀၁၂ ခုနှစ် ၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) ဥပဒေ (၂၀၁၂ ခုနှစ် ၊ ဥပဒေ အမှတ် ၁၆) (၂၀၁၂ ခုနှစ် ၊ သြဂုတ်လ ၃၁ ရက်) ဖြင့်ပြင်ဆင်ဖြည့်စွက်သည်။

နှင်ထုတ်နိုင်သည့်အာဏာ။

ဖြစ်စေ၊ အစိုးရအိမ်ဥပစာတစ်ခုခုတွင် နေထိုင်ခွင့်ရသူသည်ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၏ သို့တည်းမဟုတ် အခွင့်ရအာဏာပိုင်၏ ခွင့်ပြုချက်မရဘဲ အဆိုပါ အိမ်ဥပစာတစ်ခုလုံးကို သို့တည်းမဟုတ် တစ်စိတ်တစ်ပိုင်းကို တစ်ဆင့်ငှားရမ်းသည်ဟု သော်လည်းကောင်း၊ ထိုအိမ်ဥပစာတွင် နေထိုင်ရာ၌ လိုက်နာရမည့် စည်းကမ်းချက်တစ်ခုခုကို အခြားနည်း ဆန့်ကျင်သည်ဟု သော်လည်းကောင်း၊အခွင့်ရအာဏာပိုင်ကယူဆကျေနပ်လျှင် သို့တည်းမဟုတ်တစ်ဦး တစ်ယောက်သောသူသည် အစိုးရအိမ်ဥပစာတစ်ခုခုတွင် ခွင့်ပြုချက်မရဘဲ နေထိုင် လျက်ရှိသည် ဟုသော်လည်းကောင်း၊ ခွင့်ပြုချက်ကို ရုပ်သိမ်းပြီးသည့်နောက် ဆက်လက်နေထိုင်လျက်ရှိသည်ဟုသော်လည်းကောင်း၊ အခွင့်ရအာဏာပိုင်က ယူဆ ကျေနပ်လျှင်၊ အခွင့်ရအာဏာပိုင်သည် ထိုအိမ်ဥပစာ တစ်ခုလုံးတွင်ဖြစ်စေ တစ်စိတ် တစ်ပိုင်းတွင် ဖြစ်စေ၊ နေထိုင်သည့် ထိုသူထံ သို့တည်းမဟုတ် အခြားသူတစ်ဦး တစ်ယောက်ထံ စာပို့တိုက်မှ သော်လည်းကောင်း၊အခြားနည်းဖြင့်သော်လည်းကောင်း ချအပ်သောနို့တစ်စာဖြင့် ထိုနို့တစ်စာရသည့်နေ့ရက်မှ တစ်ဆယ့်ငါးရက်အတွင်း ထိုအိမ်ဥပစာတစ်ခုလုံးမှ သို့တည်းမဟုတ် တစ်စိတ်တစ်ပိုင်းမှ ထွက်ခွာသွားရမည်ဟု အမိန့်ထုတ်ဆင့်နိုင်သည်။[6]

(၂) မည်သူမဆို ၊ ပုဒ်မခွဲ (၁)အရ ထုတ်ဆင့်သော အမိန့်ကို လိုက်နာရန်ပျက်ကွက်လျှင် ၊ သို့တည်းမဟုတ် ငြင်းဆိုလျှင် ထိုသူအား အခွင့်ရအာဏာပိုင်က အဆိုပါအိမ်ဥပစာမှ ဖယ်ရှား၍ အိမ်ဥပစာကိုသိမ်းယူနိုင်သည်။ ထိုသို့ဖယ်ရှားရာတွင် သင့်တော်လိုအပ် သည့် အနိုင်အထက်ပြုမှုဖြင့် ဖယ်ရှားနိုင်သည်။

(၃) အခွင့်ရအာဏာပိုင်က ပုဒ်မခွဲ (၁) နှင့် (၂) တို့အရ အစိုးရအိမ်ဥပစာမှ ဖယ်ရှားရာတွင် အောင်မြင်စွာဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သည် လုံခြုံရေးနှင့် အခြားလိုအပ်သည့် အကူအညီများ ပေးရမည်။[7]

လျော်ကြေးအရတောင်းခံ

၄။ ။(၁) မည်သူမဆို၊ အစိုးရအိမ်ဥပစာတွင် ခွင့်ပြုချက်မရဘဲ နေထိုင်လျှင် အခွင့်ရအာဏာပိုင် သည်ထိုသို့နေထိုင်အသုံးပြုခြင်းအတွက်ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း ၊မိမိသင့် တော်သည်ဟုယူဆသော လျော်ကြေးကိုပြတ်ဆို၍ စာပို့ တိုက်မှ သော်လည်းကောင်း ၊

[6] (က) ၁၉၆၁ခုနှစ် ၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ (၁၉၆၁ ခုနှစ် ၊ အက်ဥပဒေ အမှတ် ၂၈)
(ခ) ၂၀၁၂ ခုနှစ် ၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) ဥပဒေ (၂၀၁၂ ခုနှစ် ၊ အက်ဥပဒေ အမှတ် ၁၆) (၂၀၁၂ ခုနှစ် ၊ ဩဂုတ်လ ၃၁ ရက်) ဖြင့် အသီးသီးပြင်ဆင်ခဲ့သည့်အတိုင်း ဖော်ပြထားပါသည်။
[7] ၂၀၁၂ ခုနှစ် ၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) ဥပဒေ (၂၀၁၂ ခုနှစ် ၊ ဥပဒေ အမှတ် ၁၆) (၂၀၁၂ ခုနှစ် ၊ ဩဂုတ်လ ၃၁ ရက်) ဖြင့် ဖြည့်စွက်သည်။

နိုင်သည့် အာဏာ။ တစ်ခြားနည်းဖြင့်သော်လည်းကောင်း ၊ ချအပ်သော နို့တစ်စာဖြင့် ထိုနို့တစ်စာတွင် သတ်မှတ်ထားသည့်ကာလအတွင်း ထိုလျော်ကြေးကိုပေးရန် ထိုသူထံအမိန့် ထုတ်ဆင့်နိုင်သည်။

(၂) မည်သူမဆို၊ လျော်ကြေးကို ၊ နို့တစ်စာတွင် သတ်မှတ်ထားသည့် ကာလအတွင်း ပေးရန် ငြင်းဆိုလျှင်သော်လည်းကောင်း ၊ ပျက်ကွက်လျှင်သော်လည်းကောင်း၊ အဆိုပါ လျော်ကြေးကို မြေခွန်တော်မပြေ ကျန်ငွေကဲ့သို့ အရ တောင်းခံနိုင်သည်။

၅။ အယူခံဝင်ခွင့် ။(၁) ပုဒ်မ ၃၊ သို့တည်းမဟုတ် ပုဒ်မ ၄ အရ ထုတ်ဆင့်သောအခွင့်ရအာဏာပိုင် ၏အမိန့် ကြောင့် နစ်နာသူ မည်သူမဆို ပုဒ်မ ၃ ၊ သို့တည်းမဟုတ် ပုဒ်မ ၄ အရ ချအပ်သော နို့တစ်စာရသည့်နေ့ရက်မှ ဆယ်ရက်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖွဲ့စည်း ပေးသည့်အယူခံအဖွဲ့ထံ အယူခံဝင်နိုင်သည်။ သို့ရာတွင်အယူခံဝင်သူသည်၊လုံလောက် သောအကြောင်းကြောင့်အယူခံလွှာကို အချိန်မီမတင်သွင်းနိုင်ခဲ့ကြောင်း ဆောက်လုပ် ရေးဝန်ကြီးဌာနက ဖွဲ့စည်းပေးသည့် အယူခံအဖွဲ့ကကျေနပ်လျှင်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနက ဖွဲ့စည်းပေးသည့် အယူခံအဖွဲ့သည် အဆိုပါ ဆယ်ရက်ကျော်လွန် သော်လည်း အယူခံလွှာကိုလက်ခံနိုင်သည်။[8]

(၂) ပုဒ်မခွဲ (၁) အရ အယူခံလွှာရလျှင် ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖွဲ့စည်းပေးသည့် အယူခံအဖွဲ့သည် အခွင့်ရအာဏာပိုင်ထံမှ အစီရင်ခံစာတစ်ရပ်ကို တောင်းယူ၍ မိမိလိုအပ်သည်ဟု ယူဆလျှင် နောက်ထပ်စုံစမ်းပြီး မိမိသင့်တော်သည်ဟု ယူဆသော အမိန့်ကို ချမှတ်နိုင်သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖွဲ့စည်းပေးသည့် အယူခံအဖွဲ့၏ အမိန့်သည် အပြီးအပြတ် ဖြစ်ရမည်။

(၃) ပုဒ်မခွဲ (၁) အရ အယူခံဝင်လျှင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖွဲ့စည်းပေးသည့် အယူခံအဖွဲ့သည် အခွင့်ရအာဏာပိုင်၏ အမိန့်အတည်ပြုခြင်းကို မိမိသင့်တော်သည် ဟု ယူဆသောကာလအတွက် သင့်တော်သည်ဟု ယူဆသော စည်းကမ်းချက်များဖြင့် ဆိုင်းငံ့ထားနိုင်သည်။

[8] ၂၀၁၂ ခုနှစ် ၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) ဥပဒေ (၂၀၁၂ ခုနှစ် ၊ ဥပဒေ အမှတ် ၁၆) (၂၀၁၂ ခုနှစ် ၊ ဩဂုတ်လ ၃၁ ရက်) ဖြင့် အစားထိုး ပြင်ဆင်သည်။

၆။ ။ **တရားမရုံးများကစစ်ဆေးစီရင်ပိုင်ခွင့်မရှိခြင်း။** ဤအက်ဥပဒေဖြင့်အပ်နှင်းထားသည့် အာဏာများကိုသုံးစွဲလျက် ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ်သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနကချမှတ်သောသို့တည်းမဟုတ် အခွင့်ရအာဏာပိုင်က ထုတ်ဆင့်သော အမိန့်သည်မခိုင်လုံဟု မည်သည့်တရားရုံးတွင်မျှ ငြင်းဆိုပိုင်ခွင့်မရှိစေရ။ ဤအက်ဥပဒေဖြင့် အပ်နှင်းထားသည့် အာဏာများနှင့်အညီဆောင်ရွက်သည့် သို့တည်းမဟုတ် ဆောင်ရွက်မည့်ကိစ္စနှင့် စပ်လျဉ်း၍ မည်သည့်တရားရုံးကမျှ သို့တည်းမဟုတ်အခြား မည်သည့်အာဏာပိုင်ကမျှ တားဝရမ်းမထုတ်ပေးရ။[9]

၇။ **တရားစွဲဆိုခြင်းမှကာကွယ်ပေးခြင်း။** ဤအက်ဥပဒေအရဖြစ်စေ ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများအရဖြစ်စေ၊ ဤအက်ဥပဒေအရ ထုတ်ဆင့်ချမှတ်သော အမိန့်အရဖြစ်စေ ၊ သဘောရိုးဖြင့်ပြုသည့် သို့တည်းမဟုတ် ပြုသည့်သဘောသက်ရောက်သော ပြုမှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကို ဖြစ်စေ၊ အခွင့်ရအာဏာပိုင်ကိုဖြစ်စေ၊ တရားမမှုသော်လည်းကောင်း ၊ ရာဇဝတ်မှုသော်လည်းကောင်း ၊ အခြားတရားမှုခင်းသော်လည်းကောင်း မစွဲဆိုရ။[10]

၈။ **တာဝန်လွှဲအပ်ခြင်း။** ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ စည်းကမ်းချက်များထားလိုက ထိုအမိန့်ကြော်ငြာစာတွင် စည်းကမ်းချက်များသတ်မှတ်လျက်၊ ဤအက်ဥပဒေအရ မိမိသုံးစွဲနိုင်သည့် အာဏာတစ်ရပ်ရပ်ကို ဤကိစ္စအလို့ငှာ မိမိကအထူးအာဏာလွှဲအပ်ထားသည့် အရာရှိတစ်ဦးက အဆိုပါစည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ သုံးစွဲနိုင်ရမည်ဟု ဆင့်ဆိုနိုင်သည်။[11]

၉။ **ပြစ်ဒဏ်။** (၁) မည်သူမဆို၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ခုခုကိုဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့်နည်းဥပဒေတစ်ခုခုကိုဖြစ်စေ ၊ ဤအက်ဥပဒေအရ ထုတ်ဆင့်ချမှတ်သော အမိန့်ကိုဖြစ်စေ ၊ ဆန့်ကျင်လျှင် သို့မဟုတ် ဤအက်ဥပဒေဖြင့်အပ်နှင်းထားသည့် အာဏာတစ်ရပ်ရပ်ကို တရားဥပဒေနှင့်အညီ သုံးစွဲခြင်းကို တားဆီးလျှင်

---

[9] ၂၀၁၂ ခုနှစ် ၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) ဥပဒေ (၂၀၁၂ ခုနှစ် ၊ ဥပဒေ အမှတ် ၁၆) (၂၀၁၂ ခုနှစ် ၊ ဩဂုတ်လ ၃၁ ရက်) ဖြင့် အစားထိုးပြင်ဆင်သည်။

[10] ၂၀၁၂ ခုနှစ် ၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) ဥပဒေ (၂၀၁၂ ခုနှစ် ၊ ဥပဒေ အမှတ် ၁၆) (၂၀၁၂ ခုနှစ် ၊ ဩဂုတ်လ ၃၁ ရက်) ဖြင့်အစားထိုးပြင်ဆင်သည်။

[11] ၂၀၁၂ ခုနှစ် ၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) ဥပဒေ (၂၀၁၂ ခုနှစ် ၊ ဥပဒေ အမှတ် ၁၆) (၂၀၁၂ ခုနှစ် ၊ ဩဂုတ်လ ၃၁ ရက်) ဖြင့်အစားထိုးပြင်ဆင်သည်။

သုံးနှစ်အထိထောင်ဒဏ်ဖြစ်စေ ၊ ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းထိ ဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။[12]

(၂) အစိုးရက ဤကိစ္စအလို့ငှာ အမိန့်ကြော်ငြာစာဖြင့် အာဏာအပ်နှင်းထားသည့် အရာရှိ၏ ကြိုတင်အခွင့်အမိန့်မရှိဘဲ မည်သည့်တရားရုံးမှာမျှ ၊ ပုဒ်မခွဲ (၁) အရ ဖြစ်သော ပြစ်မှုကို အရေးယူပိုင်ခွင့် မရှိစေရ။[13]

၁၀။ ။(၁) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လိုအပ်သော နည်းဥပဒေ ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။[14]

နည်းဥပဒေပြု နိုင်သည့်အာဏာ။

(၂) အထက်ပါ အာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ အထူးသဖြင့် အောက်ပါ ကိစ္စအားလုံးအတွက်ဖြစ်စေ၊ ကိစ္စတစ်ခုခု အတွက်ဖြစ်စေ ၊ နည်းဥပဒေများ ပြုနိုင်သည်။

(က) နို့တစ်စာပုံစံ နှင့် နို့တစ်စာချအပ်သည့် နည်းလမ်း ။

(ခ) အစိုးရအိမ်ဥပစာကို သိမ်းယူရာတွင် လိုက်နာရမည့် နည်းလမ်း ။

(ဂ) ခွင့်ပြုချက်မရဘဲ နေထိုင်ခြင်းအတွက် လျော်ကြေးပြတ်ဆိုရန် နည်းလမ်း ။

(ဃ) အယူခံဝင်ရာတွင် လိုက်နာရမည့် နည်းလမ်းနှင့် အယူခံမှုများတွင် လိုက်နာရမည့် ကျင့်ထုံး။

(င) ပြဋ္ဌာန်းရမည့် သို့တည်းမဟုတ် ပြဋ္ဌာန်းနိုင်သည့် အခြားကိစ္စများ။

-------------------- ။ --------------------

[12] ၂၀၁၂ ခုနှစ် ၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) ဥပဒေ (၂၀၁၂ ခုနှစ် ၊ ဥပဒေ အမှတ် ၁၆) (၂၀၁၂ ခုနှစ် ၊ ဩဂုတ်လ ၃၁ ရက်) ဖြင့် အစားထိုး ပြင်ဆင်သည်။

[13] ၁၉၆၅ ခုနှစ် ၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၆၅ ခုနှစ် ၊ အက်ဥပဒေ အမှတ် ၄) ဖြင့် အစားထိုးပြင်ဆင်သည်။

[14] ၂၀၁၂ ခုနှစ် ၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) ဥပဒေ (၂၀၁၂ ခုနှစ် ၊ ဥပဒေ အမှတ် ၁၆) (၂၀၁၂ ခုနှစ် ၊ ဩဂုတ်လ ၃၁ ရက်) ဖြင့် အစားထိုး ပြင်ဆင်သည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

ရန်ကုန်မြို့၊ ၁၃၁၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

(၁၉၅၆ ခုနှစ်၊ မတ်လ ၁၀ ရက်)

(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့ထိ ဖြည့်စွက် ပြင်ဆင်ပြီး)

အမှတ် ၄၂။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ၏ ပုဒ်မ ၁၀ ဖြင့် အပ်နှင်းထားသည့် အာဏာများကို သုံးစွဲလျက် နိုင်ငံတော်သမ္မတသည် အောက်ပါ နည်းဥပဒေများကို ပြုလိုက်သည်။

**၁၉၅၆ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) နည်းဥပဒေများ**

၁။ **အမည်။** ဤနည်းဥပဒေများကို **၁၉၅၆ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) နည်းဥပဒေများ**ဟု ခေါ်ရမည်။

၂။ **အဓိပ္ပါယ်ရှင်းလင်းဖော်ပြချက်။** ဤနည်းဥပဒေများတွင် -

(က) **"အက်ဥပဒေ"** ဆိုသည်မှာ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ဆိုလိုသည်။

(ခ) **"ပုံစံ"** ဆိုသည်မှာ ဤနည်းဥပဒေများနှင့် ပူးတွဲထားသော ပုံစံကို ဆိုလိုသည်။

၃။ **နို့တစ်စာပုံစံနှင့် နို့တစ်စာချအပ်သည့် နည်းလမ်း**

(၁) အက်ဥပဒေ၏ ပုဒ်မ ၃ အရ ထုတ်ဆင့်သော နို့တစ်စာသည် ပုံစံ "က" အတိုင်း ဖြစ်ရမည်။ အက်ဥပဒေ၏ ပုဒ်မ ၄၊ ပုဒ်မခွဲ(၂) အရ ထုတ်ဆင့်သော နို့တစ်စာသည် ပုံစံ "ခ" အတိုင်း ဖြစ်ရမည်။

(၂) ပုံစံ "ခ" ဖြင့် ရေးသားထားသော နို့တစ်စာကို ရရှိသဖြင့် လျော်ကြေးပြတ်ဆိုခြင်း နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်များတင်သွင်းလျှင် အခွင့်ရအာဏာပိုင်ကထိုကန့်ကွက် ချက်များ နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးပြီးနောက် မိမိသင့်တော်သည်ဟု ယူဆသော အမိန့်ကို ချမှတ်ရမည်။

(၃) ဆိုခဲ့သည့် နို့တစ်စာအသီးသီးကို စာပို့တိုက်မှ ပေးပို့ခြင်းဖြင့်သော်လည်းကောင်း၊ သက်ဆိုင်သူအား ပေးအပ်ခြင်းဖြင့်သော်လည်းကောင်း ၊ သတင်းစာမှကြေညာခြင်းဖြင့်သော်လည်းကောင်း ၊ အခြားဆက်သွယ်ရေး နည်းလမ်းတစ်ရပ်ရပ်ဖြင့်သော်လည်းကောင်း ၊ ထိုသူနှင့်အတူ ထိုအိမ်ဥပစာတွင် နေထိုင်သော ထိုသူ၏ အိမ်ထောင်သားစုဝင်များအနက် အရွယ်ရောက်သူတစ်ဦးအား ပေးအပ်ခြင်းဖြင့်သော်လည်းကောင်း ၊ ထိုသူ တစ်ဦးတစ်ယောက်မျှ မရှိလျှင် နို့တစ်စာမိတ္တူတစောင်ကို ခွင့်ပြုချက်မရဘဲ နေထိုင်သည့် အစိုးရအိမ်ဥပစာ၏ အများမြင်သာသော အစိတ်အပိုင်းပေါ်တွင် ဆွဲကပ်ခြင်းဖြင့်သော်လည်းကောင်း ချအပ်ရမည်။[15]

## ၄။ အစိုးရအိမ်ဥပစာကို သိမ်းယူရာတွင် လိုက်နာရမည့် နည်းလမ်း

(၁) အခွင့်ရအာဏာပိုင်က အက်ဥပဒေအရ တစ်ဦးတစ်ယောက်သောသူအား အစိုးရအိမ်ဥပစာမှ ဖယ်ရှားရန်ကိစ္စအလို့ငှာ ၊ မိမိကလိုအပ်သည်ဟုယူဆလျှင် (ရဲအဖွဲ့၏ အကူအညီရယူခြင်းပါဝင်သည့်) သင့်တော်လိုအပ်သည့် အနိုင်အထက်ပြုမှုကို အသုံးပြုခြင်း ၊ သို့တည်းမဟုတ် အသုံးပြုစေခြင်းဖြင့်လည်းကောင်း ၊ သင့်တော်လိုအပ်သည့် အခြားနည်းဖြင့်ဆောင်ရွက်ခြင်း သို့တည်းမဟုတ် ဆောင်ရွက်စေခြင်းဖြင့်လည်းကောင်း ဖယ်ရှားနိုင်သည်။

(၂) အက်ဥပဒေအရ သိမ်းယူရမည့် အစိုးရအိမ်ဥပစာ သော့ခတ်ထားသည်ကို တွေ့ရှိလျှင် ၊ အခွင့်ရအာဏာပိုင်သည် သို့တည်းမဟုတ် ဤကိစ္စအလို့ငှာ အခွင့်ရအာဏာပိုင်က စာဖြင့် အာဏာအပ်နှင်းထားသောသူသည် သက်သေနှစ်ဦးရှေ့တွင် သော့အိမ်ကိုချိုးဖွင့်၍ ထိုအိမ်ဥပစာတွင်းသို့ ဝင်ရောက်နိုင်သည်။

သို့ရာတွင် –

(က) ဤနည်းဥပဒေခွဲဖြင့် အပ်နှင်းထားသည့် အာဏာများအရ အစိုးရအိမ်ဥပစာအတွင်းသို့ဝင်ရောက်ခြင်းကို နေဝင်ပြီးနောက်လည်းကောင်း၊ နေမထွက်မီလည်းကောင်း မပြုရ။

(ခ) ဤနည်းဥပဒေခွဲဖြင့် အပ်နှင်းထားသည့် အာဏာများအရ အစိုးရအိမ်ဥပစာအတွင်းသို့ဝင်ရောက်လျှင် ထိုအိမ်ဥပစာအတွင်း တွေ့ရှိသည့်ပစ္စည်းများကို

---

[15] ၁၉၅၆ ခုနှစ် ၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ (ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် – ၁၂၀/ ၂၀၁၃) (၂၀၁၃ ခုနှစ် ၊ ဇူလိုင် ၁၀ ရက်) ဖြင့် ဖြည့်စွက် ပြင်ဆင်သည်။

သက်သေနှစ်ဦးရှေ့တွင် စာရင်းပြုလုပ်၍ ထိုပစ္စည်းများကို လုံခြုံစွာထိန်းသိမ်းထားရမည်။

**၅။ သိမ်းယူခြင်းကို နေ့ဝင်ပြီးနောက်၊ သို့တည်းမဟုတ် နေမထွက်မီမပြုရ**

အစိုးရအိမ်ဥပစာကို သိမ်းယူရန်ကိစ္စအလို့ငှာ ထိုအိမ်ဥပစာအတွင်းသို့ ဝင်ရောက်ခြင်းကို နေ့ဝင်ပြီးနောက် သို့တည်းမဟုတ် နေမထွက်မီမပြုရ။

**၆။ လျော်ကြေးပြတ်ဆိုခြင်း**

(၁) အက်ဥပဒေ၏ ပုဒ်မ ၄ အရ လျော်ကြေးပြတ်ဆိုရာတွင် အခွင့်ရအာဏာပိုင်သည် အောက်ပါအချက်များကို စဉ်းစားဆင်ခြင်ရမည် –

(က) အစိုးရအိမ်ဥပစာတွင် ခွင့်ပြုချက်မရဘဲ မည်သည့်ကိစ္စအတွက် နေထိုင်ကြောင်းနှင့် ထိုသို့နေထိုင်သည့် ကာလအပိုင်းအခြား ၊

(ခ) အဆိုပါအိမ်ဥပစာအတွင်းရှိ နေရာထိုင်ခင်း၏ အနေအထားနှင့် အမျိုးအစား ၊

(ဂ) အစိုးရအမှုထမ်းမှအပ အခြားတစ်ဦးတစ်ယောက်သောသူအား ထိုအိမ်ဥပစာကို အခနှင့်ငှားရမ်းခဲ့လျှင် ခွင့်ပြုချက်မရဘဲ နေထိုင်သည့်ကာလအပိုင်းအခြားအတွင်း ရသင့်ရထိုက်သည့် ငှားရမ်းခ ၊

(ဃ) ခွင့်ပြုချက်မရဘဲ နေထိုင်သည့် ကာလအပိုင်းအခြားအတွင်း ပြုလုပ်ခဲ့သည့် ထိုအိမ်ဥပစာ၏ အပျက်အစီး ၊

(င) လျော်ကြေးပြတ်ဆိုရန်ကိစ္စ အလို့ငှာ အခွင့်ရအာဏာပိုင်က သက်ဆိုင်သည်ဟု မိမိထင်မြင်သည့် အခြားအချက်များ။

(၂) အစိုးရအိမ်ဥပစာ၏ အပျက်အစီးများအတွက် လျော်ကြေးပြတ်ဆိုရန်ကိစ္စ အလို့ငှာ အခွင့်ရအာဏာပိုင်သည် သို့တည်းမဟုတ် ဤကိစ္စအလို့ငှာ အခွင့်ရအာဏာပိုင်က စာဖြင့် အာဏာအပ်နှင်းထားသောသူသည် ထိုအိမ်ဥပစာအတွင်းသို့ ဝင်ရောက်၍ ကြည့်ရှုစစ်ဆေးနိုင်သည်။ သို့ရာတွင် ယင်းသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်းကို နေ့ဝင်ပြီးနောက်လည်းကောင်း ၊ နေမထွက်မီလည်းကောင်း မပြုရ။

## ၇။ အယူခံဝင်ရာတွင် လိုက်နာရမည့်နည်းလမ်းနှင့် ကျင့်ထုံး

(၁) အက်ဥပဒေအရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခန့်အပ်ထားသော အခွင့်ရအာဏာပိုင်က ချမှတ်သည့်အမိန့်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖွဲ့စည်းသော အယူခံအဖွဲ့သို့ အယူခံတင်သွင်းနိုင်သည်။[16]

(၂) အယူခံလွှာများတွင် အယူခံဝင်ရခြင်းအကြောင်းများကို ဖော်ပြ၍ အယူခံလွှာနှင့်အတူ အယူခံဝင်သည့်အမိန့်၏ မိတ္တူတစ်စောင်ကို ပူးတွဲပါရှိရမည်။

(၃) အယူခံအဖွဲ့သည် အခွင့်ရအာဏာပိုင်၏ အစီရင်ခံစာနှင့် အမှုတွဲအပြည့်အစုံကို တောင်းခေါ် ကြည့်ရှုခြင်းနှင့် လိုအပ်သောသက်သေများကို စစ်ဆေး၍ ထွက်ဆိုချက်ရယူခြင်းတို့ ဆောင်ရွက်နိုင်သည်။[17]

[16] ၁၉၅၆ ခုနှစ် ၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ (ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် – ၁၂၀/၂၀၁၃) (၂၀၁၃ ခုနှစ် ၊ ဇူလိုင် ၁၀ ရက်) ဖြင့် အစားထိုး ပြင်ဆင်သည်။

[17] ၁၉၅၆ ခုနှစ် ၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ (ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် – ၁၂၀/၂၀၁၃) (၂၀၁၃ ခုနှစ် ၊ ဇူလိုင် ၁၀ ရက်) ဖြင့် ဖြည့်စွက် ပြင်ဆင်သည်။

**၁၉၅၅ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း)အက်ဥပဒေ ပုဒ်မ ၃ အရ**
**"နို့တစ်စာ"**

သို့

**ဦး /ဒေါ် ......... နှင့်လက်ရှိနေထိုင်သူအားလုံး**

**သင်**သည်အောက်ဇယားတွင် ဖော်ပြထားသည့်အစိုးရအိမ်ဥပစာတွင် နေထိုင်ခွင့်ရရှိခဲ့ရာ၊ ထိုအိမ်ဥပစာကို (ထိုအိမ်ဥပစာ၏ တစိတ်တပိုင်းကို) နိုင်ငံတော်အစိုးရ၏ သို့တည်းမဟုတ် သက်ဆိုင်ရာအခွင့်ရအာဏာပိုင်၏ခွင့်ပြုချက်မရဘဲ၊ တစ်ဆင့်ငှားရမ်းသည်ဟု အောက်လက်မှတ်ရေးထိုးသူကျွန်ုပ်က ယူဆကျေနပ်သောကြောင့် -

(သို့တည်းမဟုတ်)

**သင်** သည် ၊ အောက်တွင်ဖော်ပြထားသည့် အစိုးရအိမ်ဥပစာတွင် နေထိုင်ခွင့်ရရှိခဲ့ရာ၊ ထိုအိမ်ဥပစာတွင် နေထိုင်ရာ၌ လိုက်နာရမည့် စည်းကမ်းချက်များကို မလိုက်နာဟု အောက်လက်မှတ်ရေးထိုးသူကျွန်ုပ်က ယူဆကျေနပ်သောကြောင့် -

(သို့တည်းမဟုတ်)

**သင်**သည် အောက်ဇယားတွင် ဖော်ပြထားသည့် အစိုးရအိမ်ဥပစာတွင် ခွင့်ပြုချက်မရဘဲ နေထိုင်လျက်ရှိသည်ဟု အောက်လက်မှတ်ရေးထိုးသူကျွန်ုပ်က ယူဆကျေနပ်သောကြောင့် -

၁၉၅၅ ခုနှစ် ၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၃ အရ ဤနို့တစ်စာရသည့် ( - - )နေ့မှ ဆယ့်ငါးရက်အတွင်း အဆိုပါ အိမ်ဥပစာမှ ထွက်ခွာသွားရမည်ဟု သင့်အား ကျွန်ုပ် ဆင့်ဆိုလိုက်သည်။

အကယ်၍ အဆိုပါ အိမ်ဥပစာမှ အထက်တွင် သတ်မှတ်ထားသည့်ရက်အတွင်း ထွက်ခွာမသွားလျှင်သင့်အား အနိုင်အထက်ပြုမှုဖြင့် ထိုအိမ်ဥပစာမှ ဖယ်ရှားခြင်း ခံရလိမ့်မည်။

----------ခုနှစ်၊ ---------လ--------ရက်။

xxxxxxxxx

အခွင့်ရအာဏာပိုင်

မှတ်ချက်။ ပဌမ ၊ ဒုတိယ နှင့် တတိယ စာပိုဒ်အနက် ၊ မသက်ဆိုင်သည့် စာပိုဒ်များကို ပယ်ဖျက်ပါ။

<u>ဇယား</u>

(အစိုးရအိမ်ဥပစာအကြောင်းအရာ)

<table>
<tr><td rowspan="2">တိုင်းဒေသကြီး/ပြည်နယ်</td><td rowspan="2">မြို့နယ်</td><td rowspan="2">မြေတိုင်းရပ်ကွက် အမှတ်</td><td rowspan="2">မြေကွက် အမှတ်</td><td colspan="2">ခန့်မှန်းမြေ ဧရိယာ</td></tr>
<tr><td>ဧက</td><td>ဒဿမ</td></tr>
<tr><td colspan="6">အခွင့်ရအာဏာပိုင် အပ်နှင်းသည့် အမိန့်ကြော်ငြာစာပါ ဒေသအား ရေးသားရန်ဖြစ်ပါသည်။</td></tr>
</table>

-------------------------

နို့တစ်စာကို လက်ခံရရှိပါသည်။

**ပုံစံ "ခ"**

**အက်ဥပဒေ ပုဒ်မ ၄ အရ ၊ လျော်ကြေးပေးဆောင်ရန် နို့တစ်စာ**

သို့

________________________________________________________________

သင်သည် အောက်ဇယားတွင် ဖော်ပြထားသည့် အစိုးရအိမ်ဥပစာတွင် ၊ နိုင်ငံတော်အစိုးရ၏ သို့တည်းမဟုတ် သက်ဆိုင်ရာ အခွင့်ရအာဏာပိုင်၏ ခွင့်ပြုချက်မရဘဲ နေထိုင်သောကြောင့် ၊ ၁၉၅၅ ခုနှစ် ၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ၏ ပုဒ်မ ၄ အရ ၊ ထိုသို့ နေထိုင်အသုံးပြုခြင်း အတွက် ၊ သင် ပေးဆောင်ထိုက်သော ငွေ ------------- ကျပ်ကို လျော်ကြေးအဖြစ် ကျွန်ုပ်က ပြတ်ဆိုထားရာ အဆိုပါ လျော်ကြေးငွေ ------------- ကျပ်ကို ဤနို့တစ်စာရသည့်နေ့မှ ( ) ရက်အတွင်း ပေးဆောင်ရမည်ဟု သင့်အား ကျွန်ုပ်ဆင့်ဆိုလိုက်သည်။

သင်သည် ၊ ကျွန်ုပ်၏ လျော်ကြေးပြတ်ဆိုချက်ကို မကျေနပ်လျှင် ၊ အထက်တွင် သတ်မှတ်ထားသည့် ရက်မကုန်ဆုံးမီ ကျွန်ုပ်ထံ စာဖြင့်ရေးသား၍ ကန့်ကွက်ချက်များ တင်သွင်းနိုင်သည်။

အဆိုပါလျော်ကြေးငွေကို မပေးဆောင်လျှင်၊ သို့တည်းမဟုတ် ကန့်ကွက်ချက်များကို သတ်မှတ်ထားသည့် ရက်မကုန်ဆုံးမီ မတင်သွင်းလျှင်၊ ပြတ်ဆိုထားသည့်လျော်ကြေးကို၊ မြေခွန်တော်မပြေကျန်ငွေကဲ့သို့ သင့်ထံမှ အရတောင်းခံလိမ့်မည်။

၁၉ ခုနှစ်၊ လ ရက်။

အခွင့်ရအာဏာပိုင်။

<u>ဇယား။</u>

<u>အစိုးရအိမ်ဥပစာ၏ အကြောင်းအရာ။</u>

________________________________________________________________

________________________________________________________________

------------------- ။ -------------------

## မူရင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေများ

- ၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၃။ (၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)
**(မြန်မာနိုင်ငံ ပြန်တမ်း အပိုင်း (၁)၊ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက်၊ စာမျက်နှာ – ၁၆၁၄)**

(၁) ၁၉၅၆ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) အက်ဥပဒေ
**(၁၉၅၆ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၆) (၁၉၅၆ ခုနှစ်၊ အောက်တိုဘာလ ၆)**

(၂) ၁၉၅၇ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) အက်ဥပဒေ
**(၁၉၅၇ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၂) (၁၉၅၇ ခုနှစ်၊ မတ်လ ၂၅)**

(၃) ၁၉၆၁ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) အက်ဥပဒေ
**(၁၉၆၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၄) (၁၉၆၁ ခုနှစ်၊ မတ်လ ၂၈)**

(၄) ၁၉၆၁ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ဒုတိယ ပြင်ဆင်ချက်) အက်ဥပဒေ
**(၁၉၆၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂၈)**

(၅) ၁၉၆၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
**(၁၉၆၅ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄) (၁၉၆၅ ခုနှစ်၊ ဇူလိုင်လ ၁၂)**

(၆) ၂၀၁၂ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
**(၂၀၁၂ ခုနှစ်၊ အက်ဥပဒေ အမှတ် ) (၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁)**

## မူရင်းနည်းဥပဒေကို ပြင်ဆင်သည့် နည်းဥပဒေများ

- ၁၃၁၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက် (၁၉၅၆ ခုနှစ်၊ မတ်လ ၁၀ ရက်)
**(မြန်မာနိုင်ငံ ပြန်တမ်း အပိုင်း (၁)၊ ၁၉၅၆ ခုနှစ်၊ မတ်လ (၂၄) ရက်၊ စာမျက်နှာ – ၄၉၉ )**

(၁) ၁၉၅၆ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
**(၂၀၁၃ ခုနှစ်၊ အမိန့်ကြော်ငြာစာ အမှတ် ၁၂၀/၂၀၁၃) (၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၀)**

၁၉၅၅ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေပုဒ်မ-၃ အရထုတ်ဆင့်သော အခွင့်ရအာဏာပိုင်၏ နို့တစ်စာကြောင့် နစ်နာသူမည်သူမဆို ဤအက်ဥပဒေပုဒ်မ ၅(၁)အရ နို့တစ်စာရသည့် နေ့ရက်မှဆယ်ရက်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖွဲ့စည်းပေးသည့် အယူခံအဖွဲ့ထံ အယူခံဝင်နိုင်သည်။

**၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေပုဒ်မ – ၅ (၁)အရ အယူခံဝင်ရန် လိုက်နာရမည့်အချက်များ**

၁။ အယူခံလွှာများကို ဥက္ကဋ္ဌ၊ အယူခံအဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်သို့ လိပ်မူ၍ အယူခံဝင်ရမည်။(နည်းဥပဒေအပိုဒ်-၇(၁))

၂။ အယူခံဝင်သူ/အယူခံဝင်သူများသည် နို့တစ်စာရသည့်နေ့ရက်မှ ဆယ်ရက်ကျော်ပြီးအယူခံဝင်လျှင် သတ်မှတ်ရက်အတွင်း အချိန်မီအယူခံမဝင်နိုင်ကြောင်း လုံလောက်သည့်အကြောင်းပြချက်ကို ဖော်ပြရမည်။ (အက်ဥပဒေပုဒ်မ-၅(၁))

၃။ အယူခံလွှာများတွင် အယူခံဝင်ရခြင်းအကြောင်းပြချက်များကို သေချာစွာ ဖော်ပြရမည်။ (နည်းဥပဒေအပိုဒ်-၇(၂))

၄။ အယူခံလွှာပေါ်တွင် ရုံးခွန်တံဆိပ်ခေါင်း ၅၀၀ ကျပ် ကပ်ထားပြီးဖြစ်ရမည်။

၅။ အယူခံလွှာ၌ အယူခံဝင်သူ၏ လက်မှတ်၊ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ အပြည့်အစုံနှင့်ဖုန်းနံပါတ်တို့ကို တိကျစွာဖော်ပြရမည်။

၆။ အယူခံလွှာနှင့်အတူ အခွင့်ရအာဏာပိုင်က ထုတ်ဆင့်ထားသော နို့တစ်စာမိတ္တူ၊ တင်ပြလိုသော စာရွက်စာတမ်းများ ပူးတွဲပါရှိရမည်။

၇။ နစ်နာသူကိုယ်တိုင်မဟုတ်ဘဲ အကျိုးဆောင်ရှေ့နေဖြင့် အယူခံဝင်ခြင်းဖြစ်ပါက ရုံးခွန်တံဆိပ်ခေါင်းကပ်ထားသော ရှေ့နေကိုယ်စားလှယ်လွှဲစာမူရင်း(၁)စောင် ပူးတွဲပါရှိရမည်။

၈။ အယူခံလွှာမိတ္တူကို အခွင့်ရအာဏာပိုင်ထံသို့ ပေးပို့ရမည်။

**ဆက်သွယ်ရမည့်လိပ်စာ**-အယူခံအဖွဲ့၊ ရုံးအမှတ်(၄၀)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။

**မှတ်ချက်။ အထက်ပါအချက်များနှင့် ကိုက်ညီမှုမရှိသော အယူခံလွှာများကို အယူခံအဖွဲ့က လက်ခံစဉ်းစားမည် မဟုတ်ပါ။**

# ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေအရ အယူခံကြားနာရာ၌ လိုက်နာရမည့်အချက်များ

**အယူခံဝင်သူလိုက်နာရမည့်အချက်များ**

၁။ အယူခံကြားနာမှုသို့ လာရောက်သူသည် အကျိုးဆောင်ရှေ့နေဖြစ်ပါက ရုံးခွန်တံဆိပ်ခေါင်းကပ်ထားသော ရှေ့နေကိုယ်စားလှယ်လွှဲစာမူရင်း(၁)စောင်ကို အယူခံအဖွဲ့ထံ တင်ပြရမည်။

၂။ အယူခံဝင်သူ၏ သန်းခေါင်စာရင်း၌ ပါရှိသည့် မိသားစုဝင်လာရောက်ခြင်းဖြစ်ပါက သန်းခေါင်စာရင်းမိတ္တူကို အယူခံအဖွဲ့ထံ တင်ပြရမည်။

၃။ ကိုယ်စားလှယ်ဖြစ်လျှင် အယူခံဝင်သူက တရားဝင်လွှဲအပ်ထားသည့် Special Power မူရင်း (၁)စောင်ကို အယူခံအဖွဲ့ထံ တင်ပြရမည်။

၄။ အယူခံဝင်သူကိုယ်တိုင် လာရောက်ပါက မှတ်ပုံတင်မူရင်း ပါရှိရမည်။

၅။ အယူခံကြားနာရာ၌ ဓာတ်ပုံရိုက်ခြင်း၊ အသံသွင်းခြင်းများကို မပြုလုပ်ရ။

၆။ အယူခံကြားနာမှု၌ စာရွက်စာတမ်းများ ထပ်မံတင်ပြလိုပါက တင်ပြနိုင်သည်။

**အခွင့်ရအာဏာပိုင်လိုက်နာရမည့်အချက်များ**

၁။ အခွင့်ရအာဏာပိုင်သည် အယူခံလွှာအကြောင်းပြချက်များအပေါ် ရှင်းလင်းတင်ပြသည့် အစီရင်ခံစာမိတ္တူ(၃)စုံနှင့် အမှုတွဲအပြည့်အစုံ ပါရှိရမည်။ (အက်ဥပဒေပုဒ်မ – ၅(၂)၊ နည်းဥပဒေ – ၇(၃) )

၂။ အခွင့်ရအာဏာပိုင်ကိုယ်တိုင် လာရောက်ရမည်။ ကိုယ်တိုင်လာရောက်နိုင်ခြင်းမရှိပါက ကိုယ်စားလာရောက်သည့်အရာရှိသည်ခိုင်လုံသောအကြောင်းပြချက်ဖော်ပြ၍ ကိုယ်စားလှယ်လွှဲစာမူရင်း(၁)စောင်ကို အယူခံအဖွဲ့ထံတင်ပြရမည်။

၃။ အယူခံကြားနာရာ၌ ဓာတ်ပုံရိုက်ခြင်း၊ အသံသွင်းခြင်းများကို မပြုလုပ်ရ။

မှတ်ချက်။ ။ **ကိုယ်စားလှယ်လွှဲစာ၊သန်းခေါင်စာရင်း တင်ပြနိုင်ခြင်းမရှိပါက အယူခံကြားနာမှုသို့ ဝင်ရောက်ခွင့်ပြုမည် မဟုတ်ပါ။**